မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

# လူထု ဗဟိုပြု စီမံကိန်း

## ၁။ ဝယ်ယူရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း

ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီအဖွဲ့ဝင်တွေထဲက သုံးဦးကို ပြန်လည်ရွေးချယ်ရမယ်။ အမျိုးသမီးတစ်ဦး အနည်းဆုံး ပါဝင်ရမယ်။ ကျေးရွာတစ်ရွာထက်ပိုပြီး အကျိုးသက်ရောက်မှု ရှိမယ်ဆိုရင် အနည်းဆုံး အဖွဲ့ဝင် ငါးဦးနဲ့ မှတ်တမ်းထိန်း တစ်ဦး ဒါမှမဟုတ် နှစ်ဦး ပူးတွဲခန့်ထားရမယ်။

## ၂။ ကော်မတီဝင်တွေရဲ့လုပ်ငန်းတာဝန်

စီမံကိန်းလုပ်ငန်းခွဲတွေ အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ယူဖို့၊ လုပ်ငန်း ဝန်ဆောင်မှုတွေ၊ ကန်ထရိုက်တွေ ငှားရမ်းဖို့ ဝယ်ယူရေး အစီအစဉ် ရေးဆွဲရမယ်။ ရေးဆွဲထားတဲ့ အစီအစဉ်အရ ဝယ်ယူထားတဲ့ ပစ္စည်းတွေ၊ လုပ်ငန်းတွေ၊ ဝန်ဆောင်မှုတွေကို ကြီးကြပ်ရမယ်။ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာပြုစုရမယ်။ လုပ်ငန်းဆောင်ရွက်ချက်တွေကို ကြော်ငြာသင်ပုန်းမှာ အသိပေးကြေညာရမယ်။

## ၃။ ဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းများ

စီမံကိန်း လုပ်ငန်းခွဲတွေ အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့

၁။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေ ဝယ်ယူခြင်း

၂။ ကန်ထရိုက်လုပ်ငန်းတွေကို ကြီးကြပ်ခြင်း










# ဝယ်ယူရေးလုပ်ငန်းများ

## ၄။ ဘယ်လို နည်းလမ်းတွေ အသုံးပြုရမလဲ

လူထုလုပ်အားနဲ့ ဆောင်ရွက်ခြင်း၊ ဈေးပြိုင် စနစ်နဲ့ ဝယ်ယူ/ငှားရမ်းခြင်း၊ ကန်ထရိုက်ငှားရမ်းဆောင်ရွက်ခြင်း စတဲ့ နည်းလမ်းတွေ အသုံးပြုနိုင်ပါတယ်။ လုပ်ငန်း မစတင်ခင်မှာ ဝယ်ယူမယ့် ပစ္စည်း/ ငှားရမ်းမယ့် လုပ်ငန်းတွေကို ခန့်မှန်း ကုန်ကျငွေနဲ့တကွ စာရင်းပြုစုပြီး သက်ဆိုင်ရာ ကော်မတီတွေကို တင်ပြရမယ်။ ကော်မတီက အတည်ပြုပြီးရင် ဝယ်ယူရေး လုပ်ငန်း စတင်ရမယ်။ Shopping ဈေးဝယ်ခြင်းစနစ်နဲ့ ဝယ်မယ်ဆိုရင် အနည်းဆုံး ဆိုင် ၃ ဆိုင်ရဲ့ ဈေးနှုန်းကို မေးမြန်းပြီး အရည်အသွေး တူညီပြီး ဈေးနှုန်းသက်သာသော ဆိုင်မှ ဝယ်ယူနိုင်ပါတယ်။ ဈေးသက်သာ သော်လည်း အရည်အသွေး စံချိန်မမီရင် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီတဲ့ ဆိုင်မှ ရွေးချယ် ဝယ်ယူရပါမယ်။

## ၅။ လုပ်ငန်းဆောင်ရွက်ခြင်း

ဝယ်ယူဖြန့်ဖြူးရေး အစီအစဉ်၊ ပစ္စည်းတင်သွင်းသူနဲ့ တင်သွင်းတဲ့ဈေးနှုန်း၊ ရွေးချယ်ခံရတဲ့သူနဲ့ စာချုပ်ပါတန်ဖိုးတွေ၊ ငွေပေးချေမှု အချိန်ဇယားနဲ့ ကျန်ရှိနေသေးတဲ့ တာဝန် ယူမှုတွေ၊ ပေးချေပြီးတဲ့ လုပ်အားခ နှုန်းထားတွေကို ကျေးရွာနဲ့ ကျေးရွာအုပ်စု ကြော်ငြာသင်ပုန်းမှာ ကပ်ထားရမယ်။ ဒ့ါအပြင် အမှန်တကယ်ကုန်ကျစရိတ်တွေကို မူလလျာထားချက်နဲ့ စိစစ်နှိုင်းယှဉ်ပြီး အစီရင်ခံစာနှင့်အတူ လစဉ် ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီထံ တင်ပြရမယ်။







## ဒါတွေကို မမေ့နဲ့နော်

- ဝယ်ယူရေးလုပ်ငန်းတွေအတွက် အသုံးပြုရမယ့် ပုံစံတွေကို သေချာသုံးတတ်အောင် လေ့လာထားရမယ်။
- လုပ်ငန်းလည်ပတ်မှု လက်စွဲမှာပါတဲ့ လမ်းညွှန်ချက်တွေကိုလည်း နားလည် သဘောပေါက်အောင် သေချာဖတ်ထားရမယ်။
- ပစ္စည်းပဲဝယ်ဝယ်/ကန်ထရိုက်ပဲငှားငှား ဝယ်ယူရေး အစီအစဉ် အရင်ရေးဆွဲရမယ်။
- ပစ္စည်းဝယ်ဖို့မှာတာ၊ ကန်ထရိုက်ငှားတာတို့ ဆောင်ရွက်တဲ့အခါ စာချုပ်ချုပ်ဆိုထားရပါမယ်။
- ပစ္စည်းဝယ်ယူတိုင်း ငွေရှင်းပြီး ပြေစာရယူရန်နှင့် လုပ်အားခ ရှင်းရာမှာလည်း လုပ်ခရှင်းပြီးကြောင်း ငွေလက်ခံသူများ လက်မှတ်ရယူရန် မမေ့ပါနှင့်။
- မြို့နယ် ကျေးလက် အင်ဂျင်နီယာ၊ လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးတွေဆီမှ အကြံဉာဏ် ရယူပြီးမှ ဆောင်ရွက်ရမယ်။
- လုပ်ငန်းအကောင်အထည်ဖော်ရာမှာ စေတနာ့ ဝန်ထမ်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်ရမယ်။
- ပစ္စည်းဝယ်ရင် ဒေသန္တရပေါက်ဈေးထက် မပိုစေဖို့ သတိပြုပါ။ အရည်အသွေး၊ အရေအတွက်၊ ပစ္စည်းအာမခံချက်တွေကို သေသေချာချာ စစ်ဆေးအကဲဖြတ်ပြီးမှ ရွေးချယ် ဝယ်ယူပါ။
- လုပ်ငန်းခွဲ တစ်ခုပြီးတိုင်း ဝယ်ယူ ဖြန့်ဖြူးရေး ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ပွင့်လင်း မြင်သာမှု ရှိစေဖို့ ကြော်ငြာသင်ပုန်းမှာကပ်ပြီး အများသိသာစေရန် ဆောင်ရွက်ပါ။

## “ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရေးရှု”

Poster-7 :: Procurement-P.7.2.7
IDA Grant No: H814-MM
မတ်၊ ၂၀၁၄